# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာအဖွဲ့ (JDR) တွင် ပါဝင်ကူညီပေးခဲ့သော စကားပြန် ၂၃ ဦးကို မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးဂုဏ်ပြုလွှာ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနား



ဂုဏ်ပြုလွှာချီးမြှင့်ခံရသော စကားပြန်များ၊ JICA နှင့် ဂျပန်သံရုံးအဖွဲ့ဝင်များ၏ အမှတ်တရဓာတ်ပုံ

၂၀၂၅ ခုနှစ် မေလ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးဂုဏ်ပြုလွှာ ချီးမြှင့်ခြင်းအခမ်းအနားကို ဂျပန်သံအမတ်ကြီးနေအိမ်၌ ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏အကြီးအကဲ မစ္စတာ ယိုရှိတခဲ ရှူးဂိုသည် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာအဖွဲ့ (JDR) တွင် ပါဝင်ကူညီ ပေးခဲ့သော စကားပြန် ၂၃ ဦးကို ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုလွှာများ

ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးဂုဏ်ပြုလွှာကို ဂျပန်သံရုံး၏ သံတမန်ရေးရာလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကူညီပေးသော လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အသင်းအဖွဲ့များသို့ ကျေးဇူးတင်ဂုဏ်ပြုသည့်အနေဖြင့် ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါသည်။

ဂျပန်အစိုးရသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မြေငလျင်ဒဏ်ကြောင့် များစွာထိခိုက်ခံစားခဲ့ရသော မြန်မာပြည်သူများ၏ အရေးပေါ် ဆေးဘက်ဆိုင်ရာ အကူအညီလိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဧပြီလ ၄ ရက်မှ ၂၄ ရက်နေ့အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာအဖွဲ့ (JDR) ကို စေလွှတ်ခဲ့ပါသည်။ ယခုဂုဏ်ပြုလွှာချီးမြှင့်ခံရသူ ၂၃ ဦးသည် အပူလွန်ကဲခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းကဲ့သို့သော အခြေအနေအခက်အခဲများကို ရင်ဆိုင်အံတုရင်း ဂျပန်-မြန်မာစကားပြန်များအနေဖြင့်သာမက၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအကူအညီများနှင့် လူနာများအတွက် စိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုများကိုပါ စေတနာထက်သန်စွာဖြင့် ကူညီလုပ်ဆောင်ပေးခဲ့ကြပါသည်။ စကားပြန်များ၏ ထူးကဲသောစေတနာနှင့် အနစ်နာခံ ဆောင်ရွက်မှုများက JDR ဆေးဘက်ဆိုင်ရာအဖွဲ့၏ ဆေးကုသမှုလုပ်ငန်းများကို အထူးအောင်မြင်စေခဲ့ပြီး "အမှန်တကယ် ကူညီထောက်ပံ့မှုများ လိုအပ်နေသော မြန်မာပြည်သူ ပြည်သားများ တိုက်ရိုက်အကျိုးခံစားရရှိစေမည့် နည်းလမ်းများဖြင့် ထောက်ပံ့ကူညီသွားမည်" ဟူသော ဂျပန်အစိုးရ၏ ရည်မှန်းချက်ကိုလည်း များစွာ အထောက်အကူပြုခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး၏ သံရုံးအကြီးအကဲ မစ္စတာ ယိုရှိတခဲ ရှိုးဂိုမှ ဂုဏ်ပြုလွှာများချီးမြှင့်ပေးအပ်ပြီးနောက် စကားပြန်များအားလုံး၏ကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးစိုးမင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် “ကျွန်တော်က ဆေးခန်းရဲ့လူနာလက်ခံဌာနမှာ တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် လူနာအများကြီးနဲ့ စကားပြောဆိုခွင့်ရရှိခဲ့ပါတယ်။ လူနာတွေဆီကနေ ငလျင်လှုပ်ခတ်နေချိန်မှာ သူတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲဒုက္ခတွေကို အများကြီးကြားသိခဲ့ရတဲ့အပြင် ဂျပန်ဆေးဘက်အဖွဲ့အပေါ်ထားတဲ့ ယုံကြည်အားကိုးမှုနှင့် ကျေးဇူးတင်တဲ့အကြောင်း ပြောကြားလာတဲ့စကားသံတွေကို အများကြီးခံစားကြားသိခွင့်ရခဲ့တဲ့အတွက် JDR ဆေးဘက်အဖွဲ့ရဲ့ စကားပြန်တစ်ဦးအဖြစ် ပါဝင်ကူညီခွင့်ရခဲ့တဲ့အပေါ် အလွန်ပဲဂုဏ်ယူမိပါတယ်။ JDR ဆေးဘက်အဖွဲ့ဝင်တွေဟာ ပြင်းထန်တဲ့အပူဒဏ်အပြင် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှုအခြေအနေတွေကို နည်းနည်းလေးတောင် စိတ်ပျက်ညည်းညူမှုမရှိကြဘဲ ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။ သူတို့နဲ့အတူ လက်တွဲလုပ်ဆောင်ခွင့်ရခဲ့တဲ့အတွက် ဂျပန်လူမျိုးတွေရဲ့ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ဆေးဘက်ဆိုင်ရာနည်းပညာမြင့်မားမှု၊ အဖွဲ့လိုက်စည်းလုံးညီညွတ်မှုနဲ့ တစိုက်မတ်မတ် လုပ်ဆောင်နိုင်မှုတွေကို ပိုမိုသိရှိနားလည်ခွင့်ရခဲ့ပါတယ်။ JDR ဆေးဘက်အဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ပေးခဲ့တဲ့အတွက် အားလုံးကို အထူးကျေးဇူးတင်ပါတယ်” ဟု ပြောကြားခဲ့ပါသည်။ ဂုဏ်ပြုချီးမြှင့်ခံရသော စကားပြန် ၂၃ ဦးသည် ဂျပန်နှင့်မြန်မာတို့၏ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို အထောက်အပံ့ပေးသည့် အထူးအရေးပါသော လူစွမ်းအား အရင်းအမြစ်များဖြစ်ပြီး၊ အနာဂတ်တွင်လည်း ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား ပေါင်းကူး

တံတားများသဖွယ်   တစ်ထောင့်တစ်နေရာမှ   ဆက်လက်ပါဝင်ကူညီပံ့ပိုးပေးကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

## <၂၀၂၅ခုနှစ် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးဂုဏ်ပြုလွှာ ချီးမြှင့်ခံရသူများ>

U Myo Myint Oo
U Tayzar Soe Win
U Soe Min
Daw Swe Aye Htet
U Kyaw Zin Linn
U Zaw Win
Daw Ei Ei Chaw
Daw Kyu Kyu Tin
Daw Khin Aye Aye
Daw Wah Wah
Daw Nwe Ni Win
U Kyaw Zayar Win
U Zaw Htoo Aung
U Sai Aung Lin Swe
Daw Tint San Myint
Daw Phyo Thu Zar Hlaing
Daw Su Su Yin
U Moe Thwin Myint
Dr. Wai Wai Lwin
U Myo Kyaw
Daw Amy Kyaw
Daw Phyu Thin Toe
Daw Thuzar Myint




ဂျပန်သံရုံး၏ အကြီးအကဲ မစ္စတာ ယိုရှိတခဲ ရှိုးဂိုမှ ဂုဏ်ပြုလွှာချီးမြှင့်ခြင်း



JDRဆေးဘက်ဆိုင်ရာအဖွဲ့မှ စကားပြန်များ ကိုယ်စားပြု ဦးစိုးမင်း၏ ကျေးဇူးတင်စကား